# အရူးက တစ်ပူးသာ

စိတ်ရောဂါကုဆေးရုံ အဆောင်မှူးက ခါတိုင်းလိုပင် အဆောင်များကို လှည့်လည်စစ်ဆေးရာ တစ်ဆောင်မှာ စိတ်ဝေဒနာရှင်တစ်ယောက်က ရေဇလုံထဲတွင် ငါးမျှားတံဖြင့် ငါးမျှားနေသည်ကို တွေ့လိုက်ရ၏။ အဆောင်မှူးက ထိုလူနာအား ရေလိုက်ငါးလိုက်သဘောဖြင့် "ဘယ့်နှယ်လဲ၊ ငါးမိရဲ့လား"ဟု မေးလိုက်ရာ စိတ်ရောဂါရှင်က...

"ရေဇလုံထဲမှာ မျှားတာရမလားဗျ။ ခင်ဗျား ရူးနေသလား"ဟု ပြန်မှတ်လိုက်သော ဟူ၏။